ပပ္ပါသံ–သဖန်းရွှင်းပြင်း အဆင်းနီနီ မညီဖြတ်ခွဲ မှုံပြတ်နဲ့သို့ အသဲနှလုံး တွဲရရွဲဖုံးတွယ် သုံးဆယ်နှင့် နှစ်အသားတစ်ဟူသော အဆုပ်သည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး လားလားမဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှားရှိပါသည်တကား။

အန္တံ – ယောကျ်ားတို့ဝယ် သုံးဆယ်နှင့် နှစ် မိန်းမ ဖြစ်မူ နှစ်ဆယ့်ရှစ်တောင် ဖြူရောင်အဆင်း သွေးစကျင်းနေ ခေါင်းပြတ် မြွေလို လည်မျိုမှ သက် ဝစ္စမဂ်ဝယ်

---

ရှိ၍ အစာသစ်အိမ်ဟု ခေါ်ရသော အိမ်၏ အထက်ထိပ်ဘေးစောင်းကို မှီလျက် တည်၏၊ သူမှာ တစုံတခု အတွယ်မရှိရကား ခြေဖြင့်ကန်ခြင်း စသည်ကြောင့် သူနေရာ၏အပြင်ဘက်ထွက်သွားလျှင် ချက်ခြင်း သေနိုင်၏။ ["အဖျဉ်း"ဟုလည်းခေါ်၏။]

**အဆုပ်။** ။အသားတုံးကလေး ၃၂-တုံး ပေါင်းစပ်ထားသော အသားစုကို "အဆုပ်"ဟု ခေါ်သည်၊ အဆင်းအားဖြင့် မမှည့်လွန်းသော သဖန်းသီး အသွေးကဲ့သို့နီ၏၊ ပုံသဏ္ဌာန်အားဖြင့် မညီမညွတ် ဖြတ်ထားသော ပြစ်ခဲသော မုန့်နှင့် တူ၏၊ ယခုကာလ "ဝက်သဲ ဝက်ဆုပ်"စသောအသားများ၌ ပါသော အဆုပ်ပင်တည်း၊ နေရာအားဖြင့်သားမြတ် ၂-ခုတို့၏ အလယ်ဝယ် နှလုံးနှင့် အသည်းကိုအပေါ်က လွှမ်းဖုံးကာ တွဲလျားကျလျက် တည်လေသည်။

**အူမ။** ။အအကြီးစားကိုပင် "အူမ"ဟု ခေါ်၏၊ ယောကျ်ားတို့၏အူမသည် ၃၂-တောင် ရှိ၏၊ မိန်းမတို့၏ အူမ